# ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့

၏

# ပဋိညာဉ်စာချုပ်

နှင့်

# အပြည်ပြည်ဆိုင်ရာတရားရုံး

၏

# ဥပဒေ

ကုလသမဂ္ဂပြန်ကြားရေးဌာန



## ကုလသမဂ္ဂ ပဋိညာဉ်စာတမ်း

### နိဒါန်း

ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းကြီးကို ၁၉၄၅ ခုနှစ်၊ ဇွန်လ (၂၆) ရက်နေ့က ဆန်ဖရန်စစ္စကို မြို့တွင် ကုလသမဂ္ဂ အပြည်ပြည်ဆိုင်ရာအဖွဲ့ကြီးအတွက် ကွန်ဖရင့်ကြီး ပြီးဆုံးသွားသော အခါဝယ် လက်မှတ်ရေးထိုးခဲ့ကြ၏။ ထို့နောက် ၁၉၄၅ ခုနှစ်၊ အောက်တိုဘာလ (၂၄) ရက်နေ့တွင် ကုလသမဂ္ဂပဋိညာဉ် စာတမ်းကြီးမှာ အတည်ပြုဖြစ်လာခဲ့၏။ အပြည်ပြည်ဆိုင်ရာ တရားရုံး၏ ပြဋ္ဌာန်းချက်ဥပဒေမှာယင်းပဋိညာဉ်စာတမ်းကြီး၏တစ်စိတ်တစ်ဒေသဖြစ်ပေသည်။

ပဋိညာဉ်စာတမ်းကြီး၏ အပိုဒ် - ၂၃၊ ၂၇ နှင့် ၆၁ တို့အား ပြင်ဆင် ချက်များကို ၁၉၆၃ ခုနှစ်၊ ဒီဇင်ဘာလ (၁၇) ရက်နေ့တွင် ယင်းပြင်ဆင် ချက်များမှာ အတည်ဖြစ်လာခဲ့၏။ အထွေထွေညီလာခံမှ အပိုဒ် - ၆၁ အတွက် ထပ်မံပြင်ဆင် ချက်ကို ၁၉၇၁ ခု၊ ဒီဇင်ဘာလ (၂၀) ရက်နေ့တွင် လက်ခံခဲ့ပြီး ၁၉၇၃ ခု၊ စက်တင်ဘာလ (၂၄) ရက်နေ့တွင် အတည်ပြုခဲ့သည်။ ၁၉၆၅ ခုနှစ်၊ ဒီဇင်ဘာလ (၂၀) ရက်နေ့တွင် အထွေထွေညီလာခံက လက်ခံခဲ့သော အပိုဒ် - ၁၀၉ အား ပြင်ဆင်ချက်မှာ ၁၉၆၈ ခုနှစ်၊ ဇွန်လ (၁၂) ရက်နေ့တွင် အတည်ဖြစ်လာခဲ့လေသည်။

အပိုဒ် - ၂၃ ကို ပြင်ဆင်ချက်အရ လုံခြုံရေးကောင်စီဝင် များ၏ အရေအတွက်မှာ ဆယ့်တစ်ဦးမှ ဆယ့်ငါးဦးအထိ ဖြစ်လာ၏၊ အပိုဒ် - ၂၇ ကို ပြင်ဆင်ချက်အရ လုံခြုံရေး ကောင်စီ၏ ဆုံးဖြတ်ချက်များကို ကျင့်သုံး နည်းလမ်းဆိုင်ရာ ကိစ္စရပ် များနှင့် ပတ်သက်လျှင် ကောင်စီဝင် ကိုးဦး (ယခင်က ခုနစ်ဦး) ၏ သဘောတူထောက်ခံမဲဖြင့်လည်းကောင်း၊ ကျန်အခြား ကိစ္စရပ် အားလုံးနှင့် ပတ်သက်လျှင် လုံခြုံရေး ကောင်စီ၏ အမြဲတမ်းကောင်စီဝင် ငါးဦး၏ သဘောတူ ထောက်ခံမဲများ အပါအဝင် ဖြစ်သော ကောင်စီဝင် ကိုးဦး (ယခင်က ခုနစ်ဦး) ၏ သဘောတူ ထောက်ခံမဲဖြင့် လည်းကောင်း ပြုလုပ်ရမည် ဖြစ်ပေသည်။

အပိုဒ် - ၆၁ ကို ပြင်ဆင်ချက်အရ စီးပွားရေးနှင့် လူမှုရေးကောင်စီဝင်များ၏ အရေအတွက်အား ဆယ့်ရှစ်ဦးမှ နှစ်ဆယ့် ခုနစ်ဦးအထိ တိုးချဲ့ခဲ့ပြီးနောက် ၁၉၇၃ ခု၊ စက်တင်ဘာလ (၂၄) ရက်နေ့တွင် အတည်ပြုခဲ့သော နောက်ဆက်တွဲ အပိုဒ်အရ ကောင်စီဝင် ဦးရေကို နှစ်ဆယ့်ခုနစ် ဦးမှ ငါးဆယ့်လေးဦးသို့ တိုးမြှင့်လိုက်လေသည်။

အပိုဒ် - ၁၀၉ ၏ ပဌမစာပိုဒ်နှင့် သက်ဆိုင်သော ယင်းအပိုဒ်ကို ပြင်ဆင်ချက်အရ ပဋိညာဉ် စာတမ်းကြီးအား ပြန်လည်စိစစ်ရန်အတွက် အဖွဲ့ဝင်နိုင်ငံများ၏ အထွေထွေကွန်ဖရင့်အစည်း အဝေးတစ်ရပ်ကို အထွေထွေညီလာခံအဖွဲ့ဝင်များ ၏ သုံးပုံနှစ်ပုံနှင့် မည်သည့် လုံခြုံရေး

